**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ်( ၁ /၂၀၂၄)**

**နေပြည်တော်၊၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁၃)ရက်**

**၂၀၂၄ ခုနှစ်၊မတ်လ၈ ရက်**

၁။ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ)တွင် အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၁၉-၂-၂၀၂၄ ရက်နေ့တွင်ကျင်းပသော အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)အစည်းအဝေးဆုံးဖြတ်ချက်အရ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

၂။ ချေးငွေများအပေါ် ချေးငွေဆုံးရှုံးမှုလျာထားသတ်မှတ်၍ အတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံး လျာထားခြင်းကို အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ညွှန်ကြားချက် အမှတ် (၅/၂၀၁၆) ဖြင့် လျာထားသတ်မှတ်ခဲ့ပါသည်။

၃။ သို့ရာတွင်ကိုဗစ်ကာလနှင့် နယ်မြေဒေသအခြေအနေများအရ ချေးငွေအတန်းအစားခွဲခြား ခြင်း နှင့်ချေးငွေဆုံးရှုံးမှုလျာထားခြင်းကို အောက်ပါရည်ညွှန်းစာများနှင့်အညီ သတ်မှတ်ချက်အတိုင်း လျာထား သတ်မှတ်ရန်ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်-

(က) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၂၉-၄-၂၀၂၀ ရက် နေ့စွဲပါ စာအမှတ်၊ကက-၁/၆(၃၁၈/၂၀၂၀)၊

(ခ) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၂-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ကက-၁/၆(၇၂၁/၂၀၂၀)၊

(ဂ) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၂၃-၁၂-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀)၊

(ဃ) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၁၆-၆-၂၀၂၁ ရက်စွဲပါ (၁/၂၀၂၁)၊

(င) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၂၀-၁၂-၂၀၂၁ရက်စွဲပါ (၂/၂၀၂၁)၊

(စ) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၁၁-၅-၂၀၂၂ ရက်စွဲပါ (၂/၂၀၂၂)၊

(ဆ) အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ၏ ၃၁-၃-၂၀၂၃ ရက်စွဲပါ (၃/၂၀၂၃)၊

၄။ လက်ရှိအချိန်တွင်ကိုဗစ်ရောဂါလျော့ကျလာခြင်းနှင့်အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း များအနေဖြင့် ချေးငွေထုတ်ချေးခြင်းအား စနစ်တကျစိစစ်ထုတ်ချေးခြင်း၊ အသင်းဝင်များ၏လူမှုစီးပွား ဘဝတဖြည်းဖြည်းတည်ငြိမ်လာခြင်း၊ ပြန်လည်ပေးဆပ်မှုမှန်ကန်လာခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ် ဧပြီလ( ၁) ရက်နေ့မှစ၍ ထုတ်ချေးသောချေးငွေလက်ကျန်အပေါ် ချေးငွေအတန်းအစားခွဲခြားခြင်းနှင့်

ချေးငွေဆိုးရှုံးမှုလျာထားခြင်းကို ယခင်အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ ညွှန်ကြားချက် အမှတ် (၅/၂၀၁၆) နှင့် အညီ ကျင့်သုံးရန်အကြောင်းကြားပါသည်။

၅။ ယင်းကာလမတိုင်မီ ထုတ်ချေးခဲ့သည့်ချေးငွေများအား ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆိုးရှုံးမှုလျာထားခြင်းကို အပိုဒ် (၃)(ဆ)ပါ သတ်မှတ်လျာထားချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

၆။ ဤညွှန်ကြားချက်သည် ၂၀၂၄ ခုနှစ်ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ကက-၁/၆(၁၄၂/၂၀၂၄)
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး
ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေး ကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊
မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်း
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ